# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မိုးလေဝသသတင်း အချက်အလက်များကို သင်လက်ခံရရှိပါသလား



ဘေးအန္တရာယ်ကျရောက်ပါက၊ တိကျသောသတင်းအချက်အလက်ကိုရရှိရန်အရေးကြီးသည်။ဤလက်ကမ်းစာစောင်တွင် ဟော့ကိုင်းဒိုး ဘေးအန္တရာယ်သတင်းများသိရှိနိုင်သည့် စမတ်ဖုန်း အက်ပ်များကို မိတ်ဆက်ပေးထားပါသည်။ အရေးပေါ်အခြေအနေတွင် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ရန် ပြင်ဆင်ထားကြပါစို့။

*ဖုန်းဒေတာသာအသုံးပြုနိုင်သော ဖုန်းနံပါတ်မရှိသော စင်းကတ်အသုံးပြုသူများနှင့် Wi-Fiဖြင့်သာ စမတ်ဖုန်းအသုံးပြုသူများလည်း အက်ပ်ကို သွင်းထားခြင်းဖြင့် ဘေးအန္တရာယ် ကာကွယ်ရေးသတင်းအချက်အလက်များကို လက်ခံရရှိနိုင်ပါသည်။

## ဘေးကင်းရေး အကြံပြုချက်များ

အက်ပ်

ဤအက်ပ်အား ဂျပန်ခရီးသွားလုပ်ငန်းအေဂျင်စီ၏ ကြီးကြပ်မှုအောက်တွင် တီထွင်ထားပြီး ဂျပန်နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးပါသည်။

https://www.jnto.go.jp/safety-tips/eng/app.html

ဘာသာ။ ။ ဂျပန်၊အင်္ဂလိပ်၊တရုတ် （ရှေးရိုး・အတို）၊ကိုရီးယား၊စပိန်၊ပေါ်တူဂီ၊ဗီယက်နမ်၊ထိုင်း၊အင်ဒိုနီးရှား၊ဖိလစ်ပိုင်၊နီပေါလ်၊ ခမာ၊ မြန်မာ၊ မွန်ဂို။

## NHK WORLD JAPAN

အက်ပ်

ဤ အက်ပ်တွင် ဂျပန်သတင်းနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို စစ်ဆေးနိုင်သည့်အပြင် အင်္ဂလိပ်ဘာသာဖြင့်တိုက်ရိုက်လွှင့်သည်။(အခြားသော ဘာသာစကားများသည် စာတန်းထိုးဖြင့်သာ)

https://www3.nhk.or.jp/nhkworld/ja/app/

ဘာသာ။ ။အာရဗီ၊ အင်ဒိုနီးရှား၊ ယူကရိန်း၊ အူရဒူး၊ အင်္ဂလိပ်၊ စပိန်၊ ဆွာဟီလီ၊ထိုင်း၊ တရုတ်၊ တူရကီ၊ ကိုရီးယား၊ မြန်မာ၊ ဟိန္ဒီ၊ ပြင်သစ်၊ ဗီယက်နမ်၊ပါရှန်၊ ဘင်္ဂလီ၊ ပေါ်တူဂီ၊ ရုရှား။

## Yahoo!သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသတိပေး

အက်ပ်

ငလျင်နှင့်ဆူနာမီ အရေးပေါ်သတိပေး၊ဘေးရှောင်သတိပေး၊မိုးရေကြီးသောကြောင့်ဖြစ်သော ဘေးအန္တရာယ်စသဖြင့်အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေးများကို အချိန်နှင့်တပြေးညီ push noti ပုံစံဖြင့်ရရှိနိုင်သော အခမဲ့ အက်ပ်ဖြစ်ပါသည်။

https://emg.yahoo.co.jp/

ဘာသာ။ ။ ဂျပန်၊အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊

*အက်ပ်၏ အင်တာနက်စာမျက်နှာသည် ဂျပန်ဘာသာဖြင့်သာအသုံးပြုနိုင်သော်လည်း “ push noti”ကိုဖွင့်ကြည့်ပြီး ဘာသာစကားကိုပြောင်းလဲသတ်မှတ်နိုင်ပါသည်။

## ဟော့ကိုင်းဒိုးသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပေး မေးလ်

မေးလ်

မိုးလေဝသစောင့်ကြည့်ရေးဌာနမှ ထုတ်ပြန်သော မိုးသည်းထန်စွာရွာသွန်းမှုနှင့်ရေကြီးမှုသတိပေး၊ အကြံပေးချက်များနှင့်ဟော့ကိုင်းဒိုး၌တိုင်းထွာရရှိသော ရေမျက်နှာပြင်အမြင့်စသော နောက်ဆုံးသတင်းများကို ပေးပို့သော ဝန်ဆောင်မှုဖြစ်သည်။

https://www.hiecc.or.jp/soudan/info/detail.html?pid=6933368257951

ဘာသာ။ ။ ဂျပန်၊အင်္ဂလိပ်၊တရုတ်(ရေးရိုး၊ အတိုကောက်)၊ ကိုရီးယား၊ရုရှား၊ထိုင်း၊မလေးရှား၊ စပိန်၊ဖိလစ်ပိုင်၊ပေါ်တူဂီ၊ဗီယက်နမ်၊နီပေါလ်၊အင်ဒိုနီးရှား။

## အရေးပေါ်သတိပေးချက်အီးမေးလ်

အသိပေး

အရေးပေါ်သတိပေးချက်အီးမေးလ်များသည် မိုဘိုင်းလ်ဖုန်းဝန်ဆောင်မှုပေးသူများမှ ပံ့ပိုးသော အခမဲ့ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ နိုင်ငံနှင့်ဒေသန္တရအစိုးရများမှသဘာဝဘေးနှင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်းဆိုင်ရာ အချက်အလက်များကို အင်တာနက်လိုင်းနှေးခြင်း၏ သက်ရောက်မှုမရှိဘဲ သီးခြားဧရိယာအတွင်း တွဲဖက်အသုံးပြုနိုင်သော စက်ကိရိယာများ (မိုဘိုင်းဖုန်းများ) သို့ တစ်ပြိုင်နက် ဖြန့်ဝေပါသည်။

သင့်မိုဘိုင်းလ်ဖုန်းရှိ အရေးပေါ်သတိပေးချက်အီးမေးလ်များကို လက်ခံရရှိရန်မှာ သင့်ဖုန်းသည် ၎င်းတို့ကို လက်ခံရရှိနိုင်သော အမျိုးအစားဖြစ်ရန်၊ ဖုန်းဒေတာ အသုံးပြုခြင်းဖြစ်နေရန် သတ်မှတ်ပေးခြင်းလိုအပ်ပါမည်။ သင့်မိုဘိုင်းလ်ဖုန်း၏ အရေးပေါ်သတိပေးချက်များကို ဖွင့်ထားခြင်းရှိမရှိ ကိုအသိပေးချက်ဆက်တင် မှ စစ်ဆေးနိုင်ပါသည်။

ဘာသာ။ ။ မိုဘိုင်းကုမ္ပဏီ （NTT docomo、KDDI・沖縄ဆယ်လူလာ （au）、softbank စသဖြင့် )ပေါ်မူတည်ပြီး ရရှိနိုင်သော ဘာသာစကားမှာ မတူပါ။

www.hiecc.or.jp/soudan www.facebook.com/hiecc.support E-MAIL: support@hiecc.or.jp TEL: 011-200-9595 FAX: 011-221-7845